၆။　အထက်ဖော်ပြပါအတိုင်း ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်တွင် ကျေးရွာ (၆) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာ အကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၅၄၉/၂၀၁၉)

၁။　မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ နွားခြံကြီးကုန်းကျေးရွာအုပ်စုတွင် ရှမ်းတောကျေးရွာ (၁) ရွာကို အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) နွားခြံကြီးကုန်း | (၁) နွားခြံကြီးကုန်း | (၁) နွားခြံကြီးကုန်း | (၁) နွားခြံကြီးကုန်း |
| | (၂) ရွာသာအေး | | (၂) ရွာသာအေး |
| | (၃) သစ်တော်ဖျား (တောင်) | | (၃) သစ်တော်ဖျား (တောင်) |
| | (၄) သစ်တော်ဖျား (မြောက်) | | (၄) သစ်တော်ဖျား (မြောက်) |
| | | | (၅) **ရှမ်းတော** |

၂။　အထက်ဖော်ပြပါအတိုင်း မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ နွားခြံကြီးကုန်းကျေးရွာအုပ်စုတွင် ရှမ်းတောကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် တံတားဦးမြို့နယ် အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၅၅၀/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအုပ်စုအား ရပ်ကွက် (၄) ရပ်ကွက် ပါဝင်သော နန်းပန်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး နန်းပန်ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၁၂) ရွာ ပယ်ဖျက်ခြင်းတို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **မြို့ (၁) မြို့နှင့် ရပ်ကွက် (၄) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း**

| **မြို့** | **ရပ်ကွက်** |
|---|---|
| (၁) နန်းပန် | (၁) အမှတ် (၁) |
| | (၂) အမှတ် (၂) |
| | (၃) အမှတ် (၃) |
| | (၄) အမှတ် (၄) |

(ခ) **ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၁၂) ရွာ ပယ်ဖျက်ခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) နန်းပန် | (၁) နန်းပန် | - | - |
| | (၂) ကုန့်ကယ် | | |
| | (၃) ကြာတော | | |
| | (၄) ပေါက်ပါး | | |
| | (၅) ရေလယ် | | |
| | (၆) ဈေးပါး | | |
| | (၇) ဈေးကုန်း | | |
| | (၈) နောင်ကန် | | |
| | (၉) သရက်ပင် | | |
| | (၁၀) မန်ကျီးကုန်း | | |
| | (၁၁) ဆေးရုံဝင်း | | |
| | (၁၂) ရဲငှာန | | |

၂။ အထက်ဖော်ပြပါအတိုင်း ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအုပ်စုအား ရပ်ကွက် (၄) ရပ်ကွက် ပါဝင်သော နန်းပန်မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး နန်းပန်ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၁၂) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် ညောင်ရွှေမြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၅၅၁/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ နမ့်လစ်ကျေးရွာအုပ်စုတွင် ခါနာန်ကျေးရွာ (၁) ရွာကို အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) နမ့်လစ် | (၁) လွိုင်ဆိုင်း (အနောက်) | (၁) နမ့်လစ် | (၁) လွိုင်ဆိုင်း (အနောက်) |
| | (၂) လွိုင်စန့် | | (၂) လွိုင်စန့် |
| | (၃) ကုန်းလမ်း | | (၃) ကုန်းလမ်း |
| | (၄) ပုတ်ဝိုင် | | (၄) ပုတ်ဝိုင် |

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| | (၅) မောက်စံ | | (၅) မောက်စံ |
| | (၆) လွိုင်ပေါင်း | | (၆) လွိုင်ပေါင်း |
| | (၇) တွန်တီး (အရှေ့) | | (၇) တွန်တီး (အရှေ့) |
| | (၈) ပန်လင်း | | (၈) ပန်လင်း |
| | (၉) လွိုင်ဖွီး | | (၉) လွိုင်ဖွီး |
| | (၁၀) နမ့်ပဲ | | (၁၀) နမ့်ပဲ |
| | | | (၁၁) **ခါနာန်** |

၂။ အထက်ဖော်ပြပါအတိုင်း ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ နမ့်လစ်ကျေးရွာအုပ်စုတွင် ကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် နမ့်စန်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၅၅၂/၂၀၁၉)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်တွင် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုတွင် သစ်ဆိမ့်ကုန်း၊ နတ်ချောင်း၊ ချောင်းသုံးခွ၊ ရွှေကညင်ပင်၊ မှော်သေး၊ ဆပ်ကွင်းကျေးရွာ (၆) ရွာဖြင့် ဖွဲ့စည်းထားရာမှ သစ်ဆိမ့်ကုန်းကျေးရွာရှိ မြေဧရိယာ (၂၆၄) ဧကနှင့် ဆပ်ကွင်းကျေးရွာ၊ မှော်သေးကျေးရွာတို့ကို စုစည်း၍ စုစုပေါင်းမြေဧရိယာ (၃၄၁) ဧကဖြင့် အမှတ် (၄) ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းကြောင့် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုသည် မူလက (၂၄၉၈) ဧကရှိရာမှ (၂၁၅၇) ဧကဖြင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း၊ အိုးဘိုကျေးရွာအုပ်စုတွင် အိုးဘို (တောင်)၊ ပဲခူးစု၊ ဂရက်၊ စစ်ကိုင်းဒေါင့်၊ တလုတ်စု၊ အိုးဘို (မြောက်) ကျေးရွာ (၆) ရွာဖြင့် ဖွဲ့စည်းထားရာမှ အိုးဘို (တောင်) ကျေးရွာရှိ မြေဧရိယာ (၁၃၄) ဧကနှင့် အိုးဘို (မြောက်) ကျေးရွာ၊ စစ်ကိုင်းဒေါင့်ကျေးရွာတို့အား စုစည်း၍ စုစုပေါင်းမြေဧရိယာ (၅၀၃) ဧကကို အမှတ် (၅) ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် အိုးဘို (တောင်) ကျေးရွာအုပ်စုသည် မူလက (၁၄၇၁) ဧကရှိရာမှ (၉၆၈) ဧကဖြင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း၊ ကွမ်းခြံကုန်းကျေးရွာအုပ်စုတွင် မီးသွေးတိုက်တောင်စုကျေးရွာ (၁) ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ကျောင်းကုန်းမြို့နယ်တွင် ရပ်ကွက် (၂) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်း**

| မူလ မြို့ | မူလရပ်ကွက် | ပြုပြင်ဖွဲ့စည်းပြီး မြို့ | ပြုပြင်ဖွဲ့စည်းပြီး ရပ်ကွက် |
|---|---|---|---|
| (၁) ကျောင်းကုန်း | (၁) အမှတ်(၁) | (၁) ကျောင်းကုန်း | (၁) အမှတ်(၁) |
| | (၂) အမှတ်(၂) | | (၂) အမှတ်(၂) |
| | (၃) အမှတ်(၃) | | (၃) အမှတ်(၃) |
| | | | (၄) **အမှတ်(၄)** |
| | | | (၅) **အမှတ်(၅)** |

(ခ) **ကျေးရွာအုပ်စု (၂) အုပ်စု ဧရိယာပြင်ဆင်ဖွဲ့စည်း၍ ကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကျေးရွာ (၄) ရွာ ပယ်ဖျက်ခြင်း**

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| (၁) သစ်ဆိမ့်ကုန်း | (၁) သစ်ဆိမ့်ကုန်း | (၁) သစ်ဆိမ့်ကုန်း | (၁) သစ်ဆိမ့်ကုန်း |
| | (၂) နတ်ချောင်း | | (၂) နတ်ချောင်း |
| | (၃) ချောင်းသုံးခွ | | (၃) ချောင်းသုံးခွ |
| | (၄) ရွှေကညင်ပင် | | (၄) ရွှေကညင်ပင် |
| | (၅) **ဆပ်ကွင်း** | | |
| | (၆) **မှော်သေး** | | |

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၂) အိုးဘို | (၁) **အိုးဘို (တောင်)** | (၁) အိုးဘို | (၁) အိုးဘို (တောင်) |
| | (၂) တလုတ်စု | | (၂) တလုတ်စု |
| | (၃) ပဲခူးစု | | (၃) ပဲခူးစု |
| | (၄) ဂရက် | | (၄) ဂရက် |
| | (၅) **အိုးဘို (မြောက်)** | | |
| | (၆) **စစ်ကိုင်းဒေါင့်** | | |
| (၃) ကွမ်းခြံကုန်း | (၁) ကွမ်းခြံကုန်း | (၁) ကွမ်းခြံကုန်း | (၁) ကွမ်းခြံကုန်း |
| | (၂) မီးသွေးတိုက် (အရှေ့) | | (၂) မီးသွေးတိုက် (အရှေ့) |
| | (၃) မီးသွေးတိုက် (အနောက်) | | (၃) မီးသွေးတိုက် (အနောက်) |
| | (၄) ပေါက်ပင်ကွင်း | | (၄) ပေါက်ပင်ကွင်း |
| | (၅) သက်ရင်းကုန်း | | (၅) သက်ရင်းကုန်း |
| | (၆) သက်န်းကုန်း | | (၆) သက်န်းကုန်း |
| | (၇) ထန်းလေးပင် (ကျွဲလမ်းစု) | | (၇) ထန်းလေးပင် (ကျွဲလမ်းစု) |
| | | | (၈) မီးသွေးတိုက် တောင်စု |

၂။ အထက်ဖော်ပြပါအတိုင်း ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်တွင် ရပ်ကွက် (၂) ရပ်ကွက်နှင့် ကျေးရွာ (၁) ရွာ တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာအုပ်စု (၂) အုပ်စု ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာ(၄) ရွာ ပယ်ဖျက်ခြင်းကြောင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာ အကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ကျောင်းကုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ အမှတ်တွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

၃။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်တွင် ရေလယ်ကျွန်းကျေးရွာအုပ်စုအတွင်းရှိ ပန်းကူးကျေးရွာ (၁) ရွာ၊ မန်းကလဲ့ငုတောကျေးရွာအုပ်စုအတွင်းရှိ ပန်းကူး၊ ကကလူ၊ သပြေကွင်းကျေးရွာ (၃) ရွာ၊ စုစုပေါင်းကျေးရွာ (၄) ရွာအနက် ပန်းကူးကျေးရွာ (၂) ရွာအား ကျေးရွာတစ်ရွာအဖြစ်စုစည်းကာ ပန်းကူး၊ ကကလူ၊ သပြေကွင်းကျေးရွာ (၃) ရွာအား ပန်းကူးကျေးရွာအုပ်စုအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်း၊ ရေလယ်ကျွန်း ကျေးရွာအုပ်စုအား မူလကမြေဧရိယာ (၂၆၁၂) ဧကဖြင့် ဖွဲ့စည်းထားရာမှ (၁၈၁၅) ဧကဖြင့်လည်းကောင်း၊ မန်းကလဲ့ငုတောကျေးရွာအုပ်စုအား မူလကမြေဧရိယာ (၃၆၁၁) ဧကဖြင့် ဖွဲ့စည်းထားရာမှ (၂၄၄၆) ဧကဖြင့် လည်းကောင်း အောက်ပါအတိုင်း တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ဝါးခယ်မမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စု တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာအုပ်စု (၂) အုပ်စု ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ (၁) ရွာ ပယ်ဖျက်ခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ရေလယ်ကျွန်း | (၁) ရေလယ်ကျွန်း | (၁) ရေလယ်ကျွန်း | (၁) ရေလယ်ကျွန်း |
| | (၂) **ပန်းကူး** | | |
| (၂) မန်းကလဲ့ငုတော | (၁) မန်းကလဲ့ | (၁) မန်းကလဲ့ငုတော | (၁) မန်းကလဲ့ |
| | (၂) ငုတောချောင်း | | (၂) ငုတောချောင်း |
| | (၃) မဲဇလီချောင်း | | (၃) မဲဇလီချောင်း |
| | (၄) လင်းနေချောင်း | | (၄) လင်းနေချောင်း |
| | (၅) ငါးအိမ်တန်း | | (၅) ငါးအိမ်တန်း |

| မူလ ကျေးရွာအုပ်စု | မူလကျေးရွာ | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု | ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ |
|---|---|---|---|
| | (၆) ပေချောင်းကြီး | | (၆) ပေချောင်းကြီး |
| | (၇) ပေးချောင်းကလေး | | (၇) ပေးချောင်းကလေး |
| | (၈) အလယ်ချောင်း | | (၈) အလယ်ချောင်း |
| | (၉) **သပြုကွင်း** | | |
| | (၁၀) **ကကလူ** | | |
| | (၁၁) **ပန်းကူး** | | |
| (၃) - | - | (၁) **ပန်းကူး** | (၁) **ပန်းကူး** |
| | | | (၂) **ကကလူ** |
| | | | (၃) **သပြုကွင်း** |

၄။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စု တိုးချဲ့ဖွဲ့စည်း၍ ကျေးရွာအုပ်စု (၂) အုပ်စု ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ (၁) ရွာ ပယ်ဖျက်ခြင်းတို့ကြောင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၅၅၃/၂၀၁၉)

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် (ဆ) ရပ်ကွက်သည် မူလကမြေဧရိယာ (၄၇၀) ဧကဖြင့် ဖွဲ့စည်းထားရာမှ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်ကျေးရွာအုပ်စုမှ မြေဧရိယာ (၁၁၅) ဧကအားထည့်သွင်း၍ (၅၈၅) ဧကဖြင့်လည်းကောင်း၊ (ဇ) ရပ်ကွက်သည် မူလကမြေဧရိယာ (၂၅၀) ဧကဖြင့်ဖွဲ့စည်းထားရာမှ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်ကျေးရွာအုပ်စုမှ မြေဧရိယာ (၇) ဧကအားထည့်သွင်း၍ (၂၅၇) ဧကဖြင့်လည်းကောင်း၊ သင်ပန်းကုန်းရပ်ကွက်သည် မူလကမြေဧရိယာ (၇၁၇) ဧကဖြင့် ဖွဲ့စည်းထားရာမှ ပုသိမ်ကြီးမြို့နယ်၊ တိုတက်ကုန်းကျေးရွာအုပ်စုမှ မြေဧရိယာ (၁၀) ဧကအားထည့်သွင်း၍ (၇၂၇) ဧကဖြင့်လည်းကောင်း၊ (ဈ) ရပ်ကွက်ကို မူလက (၈၄၁) ဧကဖြင့် ဖွဲ့စည်းထားရာမှ အသစ်တိုးချဲ့ဖွဲ့စည်းမည့် (ည) ရပ်ကွက်သို့ မြေဧရိယာ (၁၁၀) ဧကလွှဲပြောင်းပြီး ကျန်ရှိသည့်မြေဧရိယာ (၇၃၁) ဧကနှင့် ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာအုပ်စုမှ မြေဧရိယာ (၂၅) ဧက၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စုမှ မြေဧရိယာ (၅၄) ဧက၊ စုစုပေါင်း (၈၁၀) ဧကဖြင့်လည်းကောင်း၊ ရပ်ကွက် (၄) ရပ်ကွက်အား နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း၊ (ဈ) ရပ်ကွက်မှ လွှဲပြောင်းသည့်မြေဧရိယာ (၁၁၀) ဧက၊ ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာအုပ်စုမှ မြေဧရိယာ (၅၃၈) ဧက၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ကျေးရွာအုပ်စုမှ မြေဧရိယာ (၁၅) ဧက၊ နတ်ရေကန်ကျေးရွာအုပ်စုမှ မြေဧရိယာ (၂၆၆) ဧက၊ ဒေါင်းရွှေကျေးရွာအုပ်စုမှ မြေဧရိယာ (၁၀၃) ဧက၊ စုစုပေါင်းမြေဧရိယာ (၁၀၃၂) ဧကဖြင့် (ည) ရပ်ကွက်အဖြစ်လည်းကောင်း၊ ပုသိမ်ကြီးမြို့နယ်၊ ဇီးအုပ်ကျေးရွာအုပ်စုမှ မြေဧရိယာ (၆၉၆) ဧကနှင့် ရေလောင်ကျေးရွာအုပ်စုမှ မြေဧရိယာ (၁၀၄) ဧက၊ စုစုပေါင်းမြေဧရိယာ (၈၀၀) ဧကဖြင့် (ဋ) ရပ်ကွက်အဖြစ်လည်းကောင်း ရပ်ကွက် (၂) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) **ပြည်ကြီးတံခွန်မြို့နယ်တွင် ရပ်ကွက် (၂) ရပ်ကွက် တိုးချဲ့ဖွဲ့စည်း၍ ရပ်ကွက် (၄) ရပ်ကွက် နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း**

| မူလ မြို့နယ် | မူလရပ်ကွက် | ပြုပြင်ဖွဲ့စည်းပြီး မြို့နယ် | ပြုပြင်ဖွဲ့စည်းပြီး ရပ်ကွက် |
|---|---|---|---|
| (၁) ပြည်ကြီးတံခွန် | (၁) ချမ်းမြသာယာ | (၁) **ပြည်ကြီးတံခွန်** | (၁) ချမ်းမြသာယာ |
| | (၂) ငွေကြည်တော်ကုန်း | | (၂) ငွေကြည်တော်ကုန်း |
| | (၃) သင်ပန်းကုန်း | | (၃) **သင်ပန်းကုန်း** |
| | (၄) တံခွန်တိုင် | | (၄) တံခွန်တိုင် |
| | (၅) တောင်မြင့် | | (၅) တောင်မြင့် |

| **မူလ မြို့** | **မူလရပ်ကွက်** | **ပြုပြင်ဖွဲ့စည်းပြီး မြို့နယ်** | **ပြုပြင်ဖွဲ့စည်းပြီး ရပ်ကွက်** |
|---|---|---|---|
| | (၆) ယာတော် | | (၆) ယာတော် |
| | (၇) ထိန်ကုန်း | | (၇) ထိန်ကုန်း |
| | (၈) (က) ရပ်ကွက် | | (၈) (က) ရပ်ကွက် |
| | (၉) (ခ) ရပ်ကွက် | | (၉) (ခ) ရပ်ကွက် |
| | (၁၀) (ဂ) ရပ်ကွက် | | (၁၀) (ဂ) ရပ်ကွက် |
| | (၁၁) (ဃ) ရပ်ကွက် | | (၁၁) (ဃ) ရပ်ကွက် |
| | (၁၂) (င) ရပ်ကွက် | | (၁၂) (င) ရပ်ကွက် |
| | (၁၃) (စ) ရပ်ကွက် | | (၁၃) (စ) ရပ်ကွက် |
| | (၁၄) (ဆ) ရပ်ကွက် | | (၁၄) **(ဆ) ရပ်ကွက်** |
| | (၁၅) (ဇ) ရပ်ကွက် | | (၁၅) **(ဇ) ရပ်ကွက်** |
| | (၁၆) (ဈ) ရပ်ကွက် | | (၁၆) **(ဈ) ရပ်ကွက်** |
| | | | (၁၇) **(ည) ရပ်ကွက်** |
| | | | (၁၈) **(ဋ) ရပ်ကွက်** |

၂။ အထက်ဖော်ပြပါအတိုင်း မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ရပ်ကွက် (၂) ရပ်ကွက် တိုးချဲ့ဖွဲ့စည်း၍ ရပ်ကွက် (၄) ရပ်ကွက် နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် မြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင် ပါရှိသည့် အတိုင်း ဖြစ်သည်။

၃။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ဇီးအုပ်၊ ကံကြီးကုန်းကျေးရွာ (၂) ရွာဖြင့် ဖွဲ့စည်းထားသည့် ဇီးအုပ်ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ရေလောင်ကျေးရွာအုပ်စုရှိ ရွာသစ်ကလေးကျေးရွာ (၁) ရွာ တို့အားပယ်ဖျက်ခြင်း၊ ဇီးအုပ်ကျေးရွာအုပ်စုသည် မူလက မြေဧရိယာ (၁၄၀၇) ဧကရှိရာမှ မြေဧရိယာ (၈၁၈) ဧကသည် ပြည်ကြီးတံခွန်မြို့နယ်အတွင်းသို့ပါဝင်သွားသည့်အတွက် ကျန်ရှိသည့် မြေဧရိယာ (၅၈၉) ဧကနှင့် ရေလောင်ကျေးရွာအုပ်စုသည် မူလကမြေဧရိယာ (၁၃၇၈) ဧကဖြင့် ဖွဲ့စည်းထားရာမှ မြေဧရိယာ (၆၆၇) ဧကသည် ပြည်ကြီးတံခွန်မြို့နယ်အတွင်းသို့ ပါဝင်သွားသည့်အတွက် ကျန်ရှိသည့် မြေဧရိယာ (၇၁၁) ဧကတို့ကို စုစည်း၍ စုစုပေါင်းမြေဧရိယာ (၁၃၀၀) ဧကဖြင့် ရေလောင်ကျေးရွာအုပ်စုအား နယ်နိမိတ် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုတက်ကုန်းကျေးရွာအုပ်စုသည် မူလကမြေဧရိယာ (၆၇၉) ဧကဖြင့် ဖွဲ့စည်း ထားရာမှ မြေဧရိယာ (၁၀) ဧကသည် သင်ပန်းကုန်းရပ်ကွက်အတွင်းသို့ ပါဝင်သွားသည့်အတွက် ကျန်မြေဧရိယာ (၆၆၉) ဧကဖြင့် နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ပုသိမ်ကြီးမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၃) ရွာပယ်ဖျက်၍ ကျေးရွာအုပ်စု (၂) အုပ်စုနယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ဇီးအုပ် | (၁) ဇီးအုပ် | - | - |
| | (၂) ကံကြီးကုန်း | | |
| (၂) ရေလောင် | (၁) ရေလောင် | (၁) ရေလောင် | (၁) ရေလောင် |
| | (၂) ရွာသစ်ကလေး | | |
| (၃) တိုတက်ကုန်း | (၁) တိုတက်ကုန်း | (၁) တိုတက်ကုန်း | (၁) တိုတက်ကုန်း |
| | (၂) သန့်ဇင်ကုန်း | | (၂) သန့်ဇင်ကုန်း |

၄။ အထက်ဖော်ပြပါအတိုင်း မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် ကျေးရွာအုပ်စု (၁) အုပ်စုနှင့် ကျေးရွာ (၃) ရွာပယ်ဖျက်ပြီး ကျေးရွာအုပ်စု (၂) အုပ်စု နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

၅။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်တွင် ပြည်လုံးကျော်ကျေးရွာအုပ်စုသည် မူလကမြေဧရိယာ (၉၆၂) ဧကဖြင့် ဖွဲ့စည်းထားရာမှ မြေဧရိယာ (၁၅) ဧကသည် (ည) ရပ်ကွက်ဖွဲ့စည်းရာတွင် ပါဝင်သွားသည့်အတွက် ကျန်မြေဧရိယာ (၉၄၇) ဧကဖြင့်လည်းကောင်း၊ နတ်ရေကန်ကျေးရွာအုပ်စုသည် မူလကမြေဧရိယာ (၃၈၈၈) ဧကဖြင့် ဖွဲ့စည်းထားရာမှ မြေဧရိယာ (၃၂၀) ဧကသည် ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်နှင့် (ည) ရပ်ကွက် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရာတွင် ပါဝင်သွားသည့်အတွက် ကျန်မြေဧရိယာ (၃၅၆၈) ဧကဖြင့်လည်းကောင်း၊ ဒေါင်းရွှေးကျေးရွာအုပ်စုသည် မူလကမြေဧရိယာ (၁၀၈၅) ဧကဖြင့် ဖွဲ့စည်းထားရာမှ မြေဧရိယာ (၁၀၃) ဧကသည် ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက် တိုးချဲ့ဖွဲ့စည်းရာတွင် ပါဝင်သွားသည့်အတွက် ကျန်မြေဧရိယာ (၉၈၂) ဧကဖြင့်လည်းကောင်း ကျေးရွာအုပ်စု (၃) အုပ်စု နယ်နိမိတ်ဧရိယာကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **အမရပူရမြို့နယ်တွင် ကျေးရွာအုပ်စု (၃) အုပ်စု နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ပြည်လုံးကျော် | (၁) **ပြည်လုံးကျော်** | (၁) ပြည်လုံးကျော် | (၁) **ပြည်လုံးကျော်** |
| | (၂) မင်းစု | | (၂) မင်းစု |
| (၂) နတ်ရေကန် | (၁) **နတ်ရေကန်** | (၁) နတ်ရေကန် | (၁) **နတ်ရေကန်** |
| | (၂) ဖျောက်ဆိပ်ကုန်း | | (၂) ဖျောက်ဆိပ်ကုန်း |
| | (၃) ညောင်ပင်သာ | | (၃) ညောင်ပင်သာ |
| | (၄) ရွာတောလေး | | (၄) ရွာတောလေး |
| | (၅) စည်ပင် | | (၅) စည်ပင် |
| | (၆) မုံပုလဲ | | (၆) မုံပုလဲ |
| | (၇) ညောင်ပင်စောင့် | | (၇) ညောင်ပင်စောင့် |
| | (၈) ညောင်နီပင် | | (၈) ညောင်နီပင် |
| (၃) ဒေါင်းရွှေး | (၁) **ဒေါင်းရွှေး** | (၁) ဒေါင်းရွှေး | (၁) **ဒေါင်းရွှေး** |
| | (၂) မယ်တော်စု | | (၂) မယ်တော်စု |

၆။ အထက်ဖော်ပြပါအတိုင်း မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်တွင် ကျေးရွာအုပ်စု (၃) အုပ်စု နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

မင်းသူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

**မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အဖွဲ့ဝင်အမည်စာရင်း ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး **အစား** ဦးမြင့်အောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးအား အဖွဲ့ဝင်အဖြစ် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၅/၂၀၁၉)**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ပန်းပုပညာဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ပါမောက္ခ ဒေါ်မြင့်မြင့်စန်း အား ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ပါမောက္ခ ဒေါ်မြင့်မြင့်စန်း အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ ရာထူးတိုးမြှင့်ရေးနှင့် ရာထူးနေရာခန့်ထားရေး အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ သဘောတူညီချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး ၄ ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါရုံး/ဌာနအသီးသီးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံဆောင်ရွက်သည့်နေ့ရက်မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရုံး၊ ဌာနခွဲ |
|---|---|---|
| (က) | ဦးကျော်လွင်<br>ဒုတိယညွှန်ကြားရေးမှူး<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ<br>ဝန်ကြီးရုံး (သာသနာရေး) | ညွှန်ကြားရေးမှူး<br>ဦးစီးရေးရာဌာနခွဲ<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရုံး၊ ဌာနခွဲ |
|---|---|---|
| (ခ) | ဦးသန်းအေးအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ရှမ်းပြည်နယ်သာသနာရေးမှူးရုံးခွဲ (ကျိုင်းတုံ)<br>သာသနာရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးသာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန |
| (ဂ) | ဦးလှဌေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြည်တွင်းသာသနာပြုဌာနခွဲ<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>ပြည်တွင်းသာသနာပြုဌာနခွဲ<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန |
| (ဃ) | ဦးအောင်သိန်းဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်<br>(မန္တလေး) ဌာနခွဲ<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | ညွှန်ကြားရေးမှူး<br>နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ ရာထူးတိုးမြှင့်ရေးနှင့် ရာထူးနေရာခန့်ထားရေး အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်း ၃ ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါရုံး/ဌာနအသီးသီးတွင် လစ်လပ်လျက်ရှိသောရာထူးနေရာသို့ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရုံး၊ ဌာနခွဲ |
|---|---|---|
| (က) | ဦးဆန်းထွန်းအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ<br>ဝန်ကြီးရုံး (သာသနာရေး) | ညွှန်ကြားရေးမှူး<br>နေပြည်တော်သာသနာရေးမှူးရုံး<br>သာသနာရေးဦးစီးဌာန |
| (ခ) | ဦးစည်သူသိန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ<br>ဝန်ကြီးရုံး (သာသနာရေး) | ဒုတိယညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ<br>ဝန်ကြီးရုံး (သာသနာရေး) |
| (ဂ) | ဦးသိန်းဌေးအောင်<br>ဦးစီးအရာရှိ<br>ပြည်ပသာသနာပြုဌာနခွဲ<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်<br>စီမံခန့်ခွဲမှုဌာနခွဲ<br>ဝန်ကြီးရုံး (သာသနာရေး) |

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေးဝန်ကြီး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးဦးစီးမှူး<br>တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ ရွှေဘိုမြို့ ယဉ်ကျေးမှုအမွေအနှစ်<br>ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဌ) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး၊ ရွှေဘိုမြို့ ယဉ်ကျေးမှုအမွေအနှစ်<br>ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ | အဖွဲ့ဝင် |

(ဍ) ခရိုင်ဦးစီးမှူး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူ — အဖွဲ့ဝင်

(ဎ) ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဝက်လက်မြို့ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ — အဖွဲ့ဝင်

(ဏ) အုပ်ချုပ်ရေးမှူး ဟန်လင်းကျေးရွာ၊ ဝက်လက်မြို့ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ — အဖွဲ့ဝင်

(တ) ဦးညွန့်ဝင်း၊ အဖွဲ့ဝင် ဟန်လင်းကျေးရွာ၊ ဝက်လက်မြို့ ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ — အဖွဲ့ဝင်

(ထ) ဦးခင်အောင်၊ ဥက္ကဋ္ဌ ဟန်လင်းမြို့ဟောင်းထိန်းသိမ်းရေးနှင့် စောင့်ရှောက်ရေးအဖွဲ့ ယဉ်ကျေးမှု အမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ — အဖွဲ့ဝင်

(ဒ) ဦးတိုးမြင့်၊ အတွင်းရေးမှူး ဟန်လင်းမြို့ဟောင်း ထိန်းသိမ်းရေးနှင့် စောင့်ရှောက်ရေးအဖွဲ့ ယဉ်ကျေးမှု အမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်နေသောဒေသခံ — အဖွဲ့ဝင်

(ဓ) ဒုတိယညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ပည်းကျောက်စာဌာနခွဲ — အဖွဲ့ဝင်

(န) ဒုတိယညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဟန်လင်းဌာနစုတာဝန်ခံ — အတွင်းရေးမှူး

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၉)

## မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(ခ) လူမှုရေးဝန်ကြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဒုတိယညွှန်ကြားရေးမှူး တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (င) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူး<br>ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဗိသုကာဌာနစု<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍<br>ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဌ) | ဦးစီးအရာရှိ<br>တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍<br>ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဍ) | ဦးစီးအရာရှိ<br>တိုင်းရင်းသားများ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍<br>ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဎ) | ဦးဝင်းခိုင်၊ အုပ်ချုပ်ရေးမှူး<br>အင်းရွာကြီးကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ဏ) | ဦးစိုးပိုင်၊ အုပ်ချုပ်ရေးမှူး<br>ပျားတုကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (တ) | ဦးမြင့်ထွေး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး<br>လက်ပံရှည်ကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ထ) | ဦးကျော်နိုင်၊ ရပ်မိရပ်ဖ<br>ဆိတ္တဝကျေးရွာ၊ ပခုက္ကူမြို့နယ်<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |

(ဒ) ဦးပေါက်ဖော်၊ ရပ်မိရပ်ဖ — အဖွဲ့ဝင်
အုတ်ကျောင်းကျေးရွာ၊ ပခုက္ကူမြို့နယ်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဓ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ပြုပြင်ထိန်းသိမ်း၊ စစ်ဆေးမှတ်တမ်းနှင့် ဓာတုဗေဒဌာနခွဲ

(န) ဒုတိယညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
မကွေးဌာနခွဲတာဝန်ခံ

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)

## ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(စ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့

(ဇ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဈ) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန

(ဋ) ဦးကျော်လွင်၊ B.E (Civil), PE (Construction) — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍
ကျွမ်းကျင်သူ

| | | |
|---|---|---|
| (ဎ) | ဦးလှဝေ၊ B.A (Law), LL.B (ခရိုင်ဥပဒေအရာရှိ-ငြိမ်း)<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍<br>ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ဍ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံဗိသုကာပညာရှင်အသင်း<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍<br>ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (ပ) | ဒေါက်တာမာမာဝေ<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ဏ) | ဦးလူဝင်း<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (တ) | ဦးကျော် (မောင်ယဉ်လှိုင်း-ပျဉ်းမမြိုင်)<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ထ) | ဦးရဲဝင်းထွန်း<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ဒ) | ဦးတင်ဆွေမြင့်<br>ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို<br>ဆောင်ရွက်နေသောဒေသခံ | အဖွဲ့ဝင် |
| (ဓ) | ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>စီမံ/ဘဏ္ဍာဌာနခွဲ | အဖွဲ့ဝင် |
| (န) | ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>ပဲခူးဌာနခွဲတာဝန်ခံ | အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၉)

## မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေး ကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးချုပ်<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဃ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန

(ဋ) ဦးအောင်ကြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ကျွမ်းကျင်သူ

(ဌ) ဦးမျိုးညွန့်၊ ညွှန်ကြားရေးမှူး (ငြိမ်း) — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ကျွမ်းကျင်သူ

(ဍ) ဦးကျော်ဆွေ၊ ဧည့်လမ်းညွှန် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍
ကျွမ်းကျင်သူ

(ဎ) ဦးမျိုးမင်းသန်း၊ လုပ်ငန်းရှင် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဏ) ဦးအောင်ကျော်မြင့်၊ လုပ်ငန်းရှင် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(တ) ဦးတင်နိုင်အောင်၊ ဧည့်လမ်းညွှန် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ထ) ဦးဝင်းကြိုင်၊ လုပ်ငန်းရှင် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဒ) ဦးလင်းအောင်သက်၊ လုပ်ငန်းရှင် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဓ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ပြုပြင်ထိန်းသိမ်း၊ စစ်ဆေးမှတ်တမ်းနှင့် ဓာတုဗေဒဌာနခွဲ

(န) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ပုဂံဌာနခွဲတာဝန်ခံ

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)

## ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းခြင်း

အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ရခိုင်ပြည်နယ် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ပြည်နယ်ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ခ) ပြည်နယ်ဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(င) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဇ) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန

(ဋ) ဦးကျော်ဆန်း — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍
ကျွမ်းကျင်သူ

(ဌ) ဦးရွှေကျော်ဦး — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍
ကျွမ်းကျင်သူ

(ဥ) ဒေါ်ခင်သန်း — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍
ကျွမ်းကျင်သူ

(ပ) ဦးကျော်မောင် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဏ) ဦးသန်းမြင့် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(တ) ဦးဇော်ထွန်း — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ထ) ဦးသန်းစိုး — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဒ) ဦးကျော်သာညွန့် — အဖွဲ့ဝင်
ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းကို
ဆောင်ရွက်နေသောဒေသခံ

(ဓ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ (နေပြည်တော်)

(န) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
မြောက်ဦးဌာနခွဲတာဝန်ခံ

သူရဦးအောင်ကို
ဥက္ကဋ္ဌ
အမျိုးသားအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄၄၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဌေး အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၂ ရက်နေ့အထိ ၎င်း၏သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့် ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄၃/၂၀၁၉)**

**ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင် (ပြည်နယ်ဦးစီးမှူး) အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့အထိ ၎င်း၏ သက်ပြည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့် ပြုလိုက်သည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၅၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၉) အစီအစဉ် (၄) ၌ သဘောတူညီချက်အရ အခြေခံပညာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေ အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်ပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၄ ရက်နေ့မှစ၍ ငြင်းပယ်ခွင့် (၄) လကို ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ **နည်းဥပဒေများ** ကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံကြက်ခြေနီအသင်းနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ဆိုသည်။

(ခ) **ကောင်စီဝင်**ဆိုသည်မှာ ဥပဒေအရ ညီလာခံကဖွဲ့စည်းထားသည့် ကောင်စီတွင် ပါဝင်သူများကို ဆိုသည်။

(ဂ) **အလုပ်အမှုဆောင်အဖွဲ့**ဆိုသည်မှာ ဥပဒေအရ ကောင်စီကရွေးချယ်တင်မြှောက်ထားသည့် အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ဃ) **ကြီးကြပ်မှုကော်မတီ**ဆိုသည်မှာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်များတွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် ကြက်ခြေနီကြီးကြပ်မှုကော်မတီကို ဆိုသည်။

(င) **အမှုဆောင်အဖွဲ့**ဆိုသည်မှာ မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ်တို့တွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် ကြက်ခြေနီအသင်းခွဲ အမှုဆောင်အဖွဲ့ကို ဆိုသည်။

(စ) **အသင်းခွဲ**ဆိုသည်မှာ အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် မြို့နယ်၊ တက္ကသိုလ်၊ ကောလိပ် ကြက်ခြေနီအသင်းခွဲများကို ဆိုသည်။

(ဆ) **အသင်းခွဲငယ်**ဆိုသည်မှာ အသင်းခွဲအောက်ရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းထားသည့် အသင်းခွဲငယ်များကို ဆိုသည်။

(ဇ) **စေတနာလုပ်အားရှင်**ဆိုသည်မှာ အသင်း၏ လူမှုကရုဏာလုပ်ငန်းများကို ပုံမှန် သို့မဟုတ် အခါအားလျော်စွာ ကာယအားဖြင့်ဖြစ်စေ၊ ဉာဏအားဖြင့်ဖြစ်စေ စေတနာ့ဝန်ထမ်း ဆောင်ရွက်နေသူများအားလုံးကို ဆိုသည်။

(ဈ) **လူငယ်ကြက်ခြေနီ**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရှိ အသက် ၁၅ နှစ်ပြည့်ပြီး အသက် ၃၅ နှစ် မပြည့်သေးသည့် အသင်းသားများကို ဆိုသည်။

(ည) **အငယ်တန်းကြက်ခြေနီ**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရှိ အသက် ၁၀ နှစ်ပြည့်ပြီး ၁၅ နှစ် မပြည့်သေးသည့် အသင်းသားများကို ဆိုသည်။

(ဋ) **အသင်းသား**ဆိုသည်မှာ အလုပ်အမှုဆောင်အဖွဲ့က မြန်မာနိုင်ငံကြက်ခြေနီအသင်းသားအဖြစ် အသိအမှတ်ပြုလက်ခံထားသူကို ဆိုသည်။

(ဌ) **ဂုဏ်ထူးဆောင်အသင်းသား**ဆိုသည်မှာ အသင်း၏လူမှုကရုဏာလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ၊ ပစ္စည်းအားဖြင့်ဖြစ်စေ၊ ငွေအားဖြင့်ဖြစ်စေ၊ စေတနာအလျောက် ကူညီခြင်းအတွက် ကောင်စီ၏အသိအမှတ်ပြုခံရသူကို ဆိုသည်။

(ဍ) **အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၊ အမျိုးသားအသင်းများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့နှင့် ဖွဲ့စည်းထားပြီး ကြက်ခြေနီအခြေခံမူများ၊ ဂျီနီဗာသဘောတူညီချက်များ၊ နောက်ဆက်တွဲသဘောတူညီချက်နှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခြင်းကို ဆိုသည်။

(ပ) **ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများ**ဆိုသည်မှာ အသင်း၏ ရည်ရွယ်ချက် အားလုံးနှင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသနှင့်ဖြစ်စေ တူညီသော ပြည်တွင်းရှိ အခြားလူမှုအဖွဲ့အစည်း များကို ဆိုသည်။

(ဏ) **တပ်ဖွဲ့**ဆိုသည်မှာ ကောင်စီကတပ်ဖွဲ့စည်းမျဉ်းဖြင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ကို ဆိုသည်။

(တ) **တပ်ဖွဲ့မှူးချုပ်**ဆိုသည်မှာ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့၏ တပ်ဖွဲ့မှူးချုပ်ကို ဆိုသည်။

(ထ) **တပ်ဖွဲ့ဝင်**ဆိုသည်မှာ တပ်ဖွဲ့တွင် စေတနာ့လုပ်အားရှင်အဖြစ် ပါဝင်ဆောင်ရွက်နေသော တပ်ဖွဲ့ဝင် အသင်းသားများကို ဆိုသည်။

## အခန်း (၂)
## အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲ၊ အသင်းခွဲငယ်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ အလုပ်အမှုဆောင်အဖွဲ့သည် ကောင်စီ၏သဘောတူညီချက်နှင့်အညီ အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်တို့၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ရမည်။

၄။ နိုင်ငံတစ်ဝန်းတွင် အသင်း၏ လူမှုကရုဏာလုပ်ငန်းများကို ဖြန့်ကြက်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်အမှုဆောင်အဖွဲ့ကို ပံ့ပိုးကူညီရန် အသင်းဌာနချုပ်ကို ဖွဲ့စည်းရမည်။

၅။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်း၏ လုပ်ငန်းများဆောင်ရွက်နိုင်ရန် အသင်းခွဲနှင့် အသင်းခွဲငယ် များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်တို့တွင် အသင်းခွဲများ၊

(ခ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အသင်းခွဲငယ်များ။

၆။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းခွဲနှင့် အသင်းခွဲငယ်များ၏ လုပ်ငန်းများကို အဆင့်ဆင့်ကြီးကြပ် နိုင်ရန် ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲအမှုဆောင်အဖွဲ့နှင့် တာဝန်ခံအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်း တာဝန်ပေးရမည်-

(က) တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်တို့တွင် ကြီးကြပ်မှုကော်မတီများ၊

(ခ) မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်တို့တွင် အသင်းခွဲအမှုဆောင်အဖွဲ့များ၊

(ဂ) မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနတို့တွင် အသင်းခွဲငယ် တာဝန်ခံအဖွဲ့များ။

၇။ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်၏ ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များကို သက်ဆိုင်ရာကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ

ကြီးကြပ်မှုကော်မတီသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌကို ကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း တင်မြှောက်နိုင်သည်။

၉။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေကြီးကြပ်မှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရပ်ရွာလူထုကိုယ်စားပြု အသင်းသား ငါးဦး၊

(ခ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအဆင့် ဌာနဆိုင်ရာကိုယ်စားလှယ် ငါးဦး-

(၁) ကျန်းမာရေးဦးစီးဌာနမှူး၊

(၂) လူမှုဝန်ထမ်းဦးစီးဌာနမှူး၊

(၃) ပညာရေးမှူး၊

(၄) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး၊

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အရာထမ်း တစ်ဦး။

(ဂ) ကြက်ခြေနီလုပ်ရှားမှုနှင့်ဆက်စပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ် နှစ်ဦး၊

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး -

(၁) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတပ်ဖွဲ့မှူး၊

(၂) ဒုတိယတိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတပ်ဖွဲ့မှူး။

(င) လူငယ်ကြက်ခြေနီ တစ်ဦး။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှုကော်မတီသည် ကော်မတီဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ကြီးကြပ်မှုကော်မတီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများကို သက်ဆိုင်ရာကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း၊ ခရိုင်ကြီးကြပ်မှုကော်မတီများသည် ခရိုင်အုပ်ချုပ်ရေးမှူးကို သက်ဆိုင်ရာကြီးကြပ်မှုကော်မတီ၏ နာယကအဖြစ်လည်းကောင်း တင်မြှောက်နိုင်သည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရပ်ရွာလူထုကိုယ်စားပြု အသင်းသား ငါးဦး၊

(ခ) ခရိုင်အဆင့် ဌာနဆိုင်ရာ ကိုယ်စားလှယ် ငါးဦး-

(၁) ကျန်းမာရေးဦးစီးဌာနမှူး၊

(၂) လူမှုဝန်ထမ်းဦးစီးဌာနမှူး၊

(၃) ပညာရေးမှူး၊

(၄) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး၊

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း တစ်ဦး။

(ဂ) ကြက်ခြေနီလုပ်ရှားမှုနှင့်ဆက်စပ်သည့် ခရိုင်အဆင့်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး၊

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး-

(၁) ခရိုင်တပ်ဖွဲ့မှူး၊

(၂) ဒုတိယခရိုင်တပ်ဖွဲ့မှူး။

(င) လူငယ်ကြက်ခြေနီ တစ်ဦး။

၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီသည် ကော်မတီဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်းနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ရမည်။

၁၄။ မြို့နယ်အသင်းခွဲအမှုဆောင်အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ မြို့နယ်အသင်းခွဲ၏ နာယကအဖြစ် တင်မြှောက်နိုင်သည်။

၁၅။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့နယ်အသင်းခွဲအမှုဆောင်အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ရပ်ရွာလူထုကိုယ်စားပြု အသင်းသား ငါးဦး၊

(ခ) မြို့နယ်အဆင့်ဌာနဆိုင်ရာ ကိုယ်စားလှယ် ငါးဦး-

(၁) ကျန်းမာရေးဦးစီးဌာနမှူး၊

(၂) ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး၊

(၃) ပညာရေးမှူး၊

(၄) မီးသတ်ဦးစီးဌာနမှူး၊

(၅) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း တစ်ဦး။

(ဂ) ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် မြို့နယ်အဆင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် နှစ်ဦး၊

(ဃ) ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦး-

(၁) မြို့နယ်တပ်ဖွဲ့မှူး၊

(၂) ဒုတိယမြို့နယ်တပ်ဖွဲ့မှူး။

(င) လူငယ်ကြက်ခြေနီ တစ်ဦး။

၁၆။ အသင်းခွဲအမှုဆောင်အဖွဲ့သည် မိမိတို့အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့ကို ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၁၇။ တက္ကသိုလ် သို့မဟုတ် ကောလိပ်အသင်းခွဲများသည် ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်များကို သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ် အသင်းခွဲများ၏ နာယကအဖြစ် တင်မြှောက်နိုင်သည်။

၁၈။ အလုပ်အမှုဆောင်အဖွဲ့သည် တက္ကသိုလ်၊ ကောလိပ် အသင်းခွဲအမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (က) ပါမောက္ခဌာနမှူး တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) တွဲဖက်ပါမောက္ခ တစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) ကထိက သို့မဟုတ် လက်ထောက်ကထိက နှစ်ဦး | အဖွဲ့ဝင် |
| (ဃ) နည်းပြ ငါးဦး | အဖွဲ့ဝင် |
| (င) ကျောင်းသား/ကျောင်းသူ ငါးဦး | အဖွဲ့ဝင် |
| (စ) ကထိက တစ်ဦး | အတွင်းရေးမှူး |

၁၉။ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအသင်းခွဲငယ်များသည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာအသင်းခွဲငယ်များ၏ တာဝန်ခံအဖြစ် တင်မြှောက်နိုင်သည်။

၂၀။ အလုပ်အမှုဆောင်အဖွဲ့သည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အသင်းခွဲငယ် တာဝန်ခံအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ရပ်မိရပ်ဖ တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | ရပ်ရွာလူထုကိုယ်စားပြုအသင်းသား နှစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် ရပ်ရွာလူမှုအဖွဲ့အစည်းကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | လူငယ်ကြက်ခြေနီ တစ်ဦး | အဖွဲ့ဝင် |

၂၁။ အခြေခံပညာကျောင်း အသင်းခွဲငယ်များသည် ကျောင်းအုပ်များကို သက်ဆိုင်ရာ အသင်းခွဲငယ်များ၏ တာဝန်ခံအဖြစ် တင်မြှောက်နိုင်သည်။

၂၂။ အလုပ်အမှုဆောင်အဖွဲ့သည် အခြေခံပညာကျောင်း အသင်းခွဲငယ် တာဝန်ခံအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဆရာ/ဆရာမ တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | ဆရာ/ဆရာမ နှစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ကျောင်းသား/ကျောင်းသူ လေးဦး | အဖွဲ့ဝင် |

၂၃။ အလုပ်အမှုဆောင်အဖွဲ့သည် စက်ရုံ၊ အလုပ်ဌာနအသင်းခွဲငယ်များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၄။ အလုပ်အမှုဆောင်အဖွဲ့သည် ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲအမှုဆောင်အဖွဲ့နှင့် အသင်းခွဲငယ်တာဝန်ခံအဖွဲ့တို့၏ ဖွဲ့စည်းပုံနှင့် ပါဝင်သည့်ဦးရေကို ပြောင်းလဲသတ်မှတ်နိုင်သည်။

၂၅။ ကြီးကြပ်မှုကော်မတီ၊ အမှုဆောင်အဖွဲ့နှင့် အသင်းခွဲငယ် တာဝန်ခံအဖွဲ့များဖွဲ့စည်းရာတွင် အမျိုးသား၊ အမျိုးသမီး မျှတစွာ ထည့်သွင်းဖွဲ့စည်းရမည်။

၂၆။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ကြီးကြပ်မှုကော်မတီသည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီများကို အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကြီးကြပ်ရမည်။

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ခရိုင်ကြီးကြပ်မှုကော်မတီသည် အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာအသင်းခွဲအမှုဆောင်အဖွဲ့များကို ကြီးကြပ်ရမည်။

၂၈။ အသင်းခွဲအမှုဆောင်အဖွဲ့သည် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်တာဝန်ခံအဖွဲ့များကို အလုပ်အမှုဆောင်အဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ကြီးကြပ်ရမည်။

၂၉။ တက္ကသိုလ်၊ ကောလိပ် အသင်းခွဲများသည် သက်ဆိုင်ရာမြို့နယ်အသင်းခွဲများနှင့် လူမှုကရုဏာလုပ်ငန်းများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

၃၀။ အလုပ်အမှုဆောင်အဖွဲ့၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ အသင်းခွဲနှင့် အသင်းခွဲငယ်များကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းမပြုရ။

## အခန်း (၃)
## အသင်းသားအဖြစ် လျှောက်ထားခြင်း၊ လက်ခံခြင်း၊ ငြင်းပယ်ခြင်းနှင့် ထုတ်ပယ်ခြင်း

၃၁။ အသင်းတွင် အောက်ပါအသင်းသား အမျိုးအစားများဖြင့် ပါဝင်ဖွဲ့စည်းထားသည်-

(က) သာမန်အသင်းသား

(ခ) တပ်ဖွဲ့ဝင်အသင်းသား

(ဂ) ရာသက်ပန်အသင်းသား

၃၂။ အမျိုးသား၊ အမျိုးသမီး၊ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ ယုံကြည်မှု၊ ဘာသာစကား၊ အဆင့်အတန်း သို့မဟုတ် နိုင်ငံရေးအယူဝါဒတို့ကို ခွဲခြားမှုမရှိဘဲ အလုပ်အမှုဆောင်အဖွဲ့၏ သတ်မှတ်ချက်များနှင့် ကိုက်ညီသူတိုင်း အသင်းသားအဖြစ် လျှောက်ထားနိုင်သည်။

၃၃။ နည်းဥပဒေ ၃၂ အရ လျှောက်ထားလာမှုကို အလုပ်အမှုဆောင်အဖွဲ့က စိစစ်၍ အသင်းသားအဖြစ် လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၄။ (က) နည်းဥပဒေ ၃၃ အရ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ကောင်စီသို့ တင်ပြနိုင်သည်။

(ခ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၃၅။ ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းပါ သတ်မှတ်ချက်အရည်အချင်းနှင့် ကိုက်ညီသော အသင်းသားတိုင်းသည် အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်တွင် မဲပေးခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။

၃၆။ အသင်း၏ဝန်ထမ်းသည် မည်သည့်အသင်းသား အမျိုးအစားတွင်မဆို ပါဝင်နိုင်ပြီး အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့်အသင်းခွဲငယ်တွင် အဆိုပြုရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ရွေးချယ်ခံရပါက ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ရမည်။

၃၇။ အလုပ်အမှုဆောင်အဖွဲ့သည် အသင်းသားတစ်ဦးဦးကို အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်နှင့် ငြိစွန်းပါက အသင်းမှ ထုတ်ပယ်နိုင်သည်-

(က) ကြက်ခြေနီအခြေခံမူ (၇) ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) အသင်း၏ ဂုဏ်သိက္ခာနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်အောင်ပြုမူခြင်း၊

(ဂ) အသင်းပိုင် ငွေနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊

(ဃ) အသင်း၏ဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒနှင့် တပ်ဖွဲ့စည်းမျဉ်းများ ညွှန်ကြားချက်ကို ဖောက်ဖျက်ခြင်း၊

(င) အသင်းအတွင်း ရည်ရွယ်ချက်ဖြင့် စည်းရုံးမှုပြိုကွဲအောင် ပြုမူဆောင်ရွက်ခြင်း၊

(စ) ပြစ်မှုတစ်ခုခုကို ကျူးလွန်သဖြင့် သက်ဆိုင်ရာတရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခံရခြင်း။

၃၈။ (က) အသင်းသားတစ်ဦးဦးသည် အသင်းသားအဖြစ်မှ ထုတ်ပယ်ခြင်းနှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိပါက ကောင်စီသို့ ရက်ပေါင်း (၃၀) အတွင်း အယူခံဝင်ရောက်နိုင်သည်။

(ခ) ကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၃၉။ အသင်းသားအားလုံးနှင့် စေတနာလုပ်အားရှင်များသည် စေတနာအလျောက် လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရန် စေတနာလုပ်အားရှင် မှတ်ပုံတင်၍ အသင်း၏ စေတနာလုပ်အားရှင် မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ခွင့်နှင့် အခွင့်အရေးများကို ရပိုင်ခွင့်ရှိရမည်။

၄၀။ လူငယ်ကြက်ခြေနီများသည် အသင်း၏လူငယ်မူဝါဒနှင့်အညီ ဆောင်ရွက်နိုင်ခွင့်နှင့် အခွင့်အရေးများကို ရပိုင်ခွင့်ရှိရမည်။

၄၁။ အသင်းသည် **အငယ်တန်းကြက်ခြေနီ** များကို အနာဂတ် လူငယ်ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် သင်ကြားပျိုးထောင်ပေးရမည်။

## အခန်း (၄)
## မြန်မာနိုင်ငံကြက်ခြေနီညီလာခံကျင်းပခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်း

၄၂။ ညီလာခံကို သုံးနှစ်လျှင်တစ်ကြိမ် ကျင်းပရမည်။ ညီလာခံတက်ခွင့်ရှိသူ၏ ထက်ဝက်ကျော်တက်ရောက်ပါက ညီလာခံအထမြောက်စေရမည်။

၄၃။ ညီလာခံတွင် ကောင်စီကို ဖွဲ့စည်းရမည်။ ယင်းကောင်စီသည် အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၁ ဦးကို ရွေးချယ်တင်မြှောက်ရေးစည်းမျဉ်းနှင့်အညီ ကောင်စီဝင်များထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၄၄။ ကောင်စီ၏သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌသည် တစ်ဆက်တည်း ကောင်စီသက်တမ်း နှစ်ကြိမ်ဆောင်ရွက်နိုင်သည်။

၄၅။ ညီလာခံသို့ တက်ရောက်မဲပေးပိုင်ခွင့်ရှိသူများ၏ ထောက်ခံဆန္ဒမဲ ထက်ဝက်ကျော်လျှင် ဆုံးဖြတ်ချက်များ အတည်ဖြစ်သည်။

## အခန်း (၅)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄၆။ ကောင်စီသည် ဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ညီလာခံကျင်းပရန် ရက်သတ်မှတ်ခြင်း၊

(ခ) ကောင်စီအစည်းအဝေးကို တက်ရောက်ခွင့်ရှိသူ၏ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေး အထမြောက်ကြောင်း ကြေညာခြင်း၊

(ဂ) ကောင်စီအစည်းအဝေးသို့ တက်ရောက်သည့် ကောင်စီဝင်များ၏ များရာဆန္ဒမဲဖြင့် သဘောတူညီချက်များ၊ အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်း၊

(ဃ) ကောင်စီဝင် နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်းတို့ကို ကောင်စီ၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ) အရ ရွေးချယ်တင်မြှောက်ထားသည့် ကောင်စီဝင် လစ်လပ်နေရာအတွက် အစားထိုးခန့်အပ်ခြင်းကို မူလရွေးကောက်ပွဲတွင် အစဉ်အလိုက် မဲအများဆုံး ရရှိသူကို ခန့်အပ်ခြင်းနှင့် ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ)၊ (င) နှင့် (စ)အရ ရွေးချယ်ထားသည့် ကောင်စီဝင် လစ်လပ်နေရာအတွက် အစားထိုးခန့်အပ်ခြင်းကို အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ကြီးကြပ်မှုကော်မတီက အဆိုပြုသူကို ခန့်အပ်ခြင်း၊

(စ) ဂုဏ်ထူးဆောင်အသင်းသားအဖြစ် အသိအမှတ်ပြုရန် လိုအပ်သည့် အရည်အချင်းများကို သတ်မှတ်ခြင်း။

၄၇။ ကောင်စီဝင်များသည်-

(က) အသင်းသားနှင့် ရန်ပုံငွေမြှင့်တင်ရေးလှုပ်ရှားမှုများတွင် လိုအပ်သော နည်းပညာနှင့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးရမည်။

(ခ) အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် လိုအပ်သောနည်းပညာ၊ အကူအညီများပံ့ပိုးခြင်းနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးရမည်။

(ဂ) နည်းပညာနှင့် အကူအညီများကို မိမိတို့ဌာန သို့မဟုတ် အသင်းအဖွဲ့မူဘောင်အတွင်းမှ ပံ့ပိုးကူညီပေးရမည်။

(ဃ) အသင်း၏ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒ၊ စည်းမျဉ်းများရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ရမည်။

၄၈။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေများရှိ ကောင်စီဝင်များသည်-

(က) ကြက်ခြေနီညီလာခံဆုံးဖြတ်ချက်များ၊ ကောင်စီအစည်းအဝေးဆုံးဖြတ်ချက်များ၊ ကြက်ခြေနီဆိုင်ရာ အသိပညာများနှင့် မူဝါဒများကို မိမိတို့ဒေသအတွင်းရှိ အသင်းသားများကို မျှဝေ၍ ဆွေးနွေး အကြံပြုချက်များ ရယူရမည်။

(ခ) အသင်းသားများ၏ အကြံပြုချက်၊ တင်ပြချက်နှင့် နစ်နာချက်များကို ကောင်စီအစည်းအဝေးတွင် တင်ပြရမည်။

(ဂ) ကြီးကြပ်မှုကော်မတီများနှင့် အသင်းခွဲအမှုဆောင်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာတွင် ခက်ခဲမှု မရှိစေရေးအတွက် လိုအပ်သောအကြံဉာဏ်ပေးခြင်း၊ အစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် လူမှုအသင်းအဖွဲ့များ ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ရမည်။

(ဃ) တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ကောင်စီဝင်များသည် တပ်ဖွဲ့အုပ်ချုပ်ရေး၊ စည်းကမ်း သေဝပ်ရေး၊ လေ့ကျင့်ရေးနှင့် ထောက်ပံ့ရေးစသည့် တပ်ဖွဲ့ဆိုင်ရာကိစ္စရပ်များကို ကောင်စီအစည်း အဝေးတွင် တင်ပြဆွေးနွေးခြင်း၊ သက်ဆိုင်ရာတပ်ဖွဲ့မှူးများကို လိုအပ်သောနည်းပညာများ အကြံ ပြုခြင်း၊ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ရမည်။

၄၉။ ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ကောင်စီဝင်များသည်-

(က) မိမိတို့ဝန်ကြီးဌာနနှင့်ဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် မူဝါဒများကို ကောင်စီဝင်များသို့ မျှဝေခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

(ခ) ကြက်ခြေနီဆိုင်ရာ အသိပညာများနှင့် မူဝါဒများကို မိမိတို့ဝန်ကြီးဌာနများတွင် ပြန်လည်မျှဝေ ခြင်းနှင့် ဆွေးနွေးအကြံပြုချက်များ ရယူရမည်။

(ဂ) ဝန်ကြီးဌာနများရှိ အမျိုးသားအဆင့် စီမံကိန်းများ၏ လူမှုကရုဏာဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင် အသင်းက ကူညီဆောင်ရွက်နိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းချိတ်ဆက်ပေးရမည်။

၅၀။ ကြက်ခြေနီလှုပ်ရှားမှုနှင့်ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများရှိ ကောင်စီဝင်များသည်-

(က) ညီလာခံနှင့်ကောင်စီတို့၏ ဆုံးဖြတ်ချက်များ၊ အလုပ်အမှုဆောင်အဖွဲ့၏ စီမံခန့်ခွဲမှုများကို မိမိတို့ လူမှုအဖွဲ့အစည်းများ၊ ဆက်စပ်သည့် လူမှုအဖွဲ့အစည်းကွန်ရက်များအကြား ပြန်လည်မျှဝေခြင်းနှင့် ဆွေးနွေးအကြံပြုချက်များရယူရမည်။

(ခ) ကြက်ခြေနီလူမှုကရုဏာ အသိပညာပြန့်ပွားရေးနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးတို့ အတွက် ရပ်ရွာလူထုအကြား စည်းရုံးဆောင်ရွက်ရမည်။

## အခန်း (၆)
## အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅၁။ အလုပ်အမှုဆောင်အဖွဲ့သည် ဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရန် အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အသင်း၏ ဝန်ထမ်းဖွဲ့စည်းပုံကိုရေးဆွဲ၍ အတည်ပြုဆုံးဖြတ်နိုင်ရန် ကောင်စီသို့ တင်ပြရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို အနည်းဆုံးသုံးလလျှင်တစ်ကြိမ် ကျင်းပရမည်။ အဖွဲ့ဝင် ခုနစ်ဦးတက်ရောက်ပါက အစည်းအဝေးအထမြောက်သည်။ လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပနိုင်သည်။ အဖွဲ့ဝင်ငါးဦးတက်ရောက်ပါက အထူးအစည်းအဝေးအထမြောက်သည်။ သတ်မှတ် ထားသော အဖွဲ့ဝင်ဦးရေပြည့်မီခြင်းမရှိ၍ အစည်းအဝေးအထမမြောက်ပါက အစည်းအဝေး ပြန်လည်ကျင်းပမည့်ရက်ကို သတ်မှတ်ပေးရမည်။

(ဂ) နည်းဥပဒေ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉ နှင့် ၂၀ တို့အရ သက်ဆိုင်ရာကြီးကြပ်မှုကော်မတီနှင့် အသင်းခွဲများက တင်မြှောက်သည့် နာယကများကိုလည်းကောင်း၊ အသင်းခွဲငယ်များကတင်မြှောက်သည့် တာဝန်ခံများကိုလည်းကောင်း အတည်ပြုနိုင်သည်။

၅၂။ အထွေထွေအတွင်းရေးမှူးသည် အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီမှုဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အသင်းပိုင်ငွေ၊ ပစ္စည်းများနှင့်စပ်လျဉ်းသည့် အရင်းအမြစ်များ တိုးပွားရေးအတွက် ဆောင်ရွက်ခြင်းနှင့် သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျရှိစေရေး စီမံခန့်ခွဲခြင်း၊

(ဂ) သတ်မှတ်ထားသော ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ဝန်ထမ်းများခန့်အပ်ခြင်း၊ အရေးယူခြင်း၊

(ဃ) ပြည်တွင်း ပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း၊ ဧည့်သည်များကို လက်ခံတွေ့ဆုံခြင်း၊ အစည်းအဝေးများ၊ အခမ်းအနားများကျင်းပရန် စီစဉ်ပေးခြင်း၊

(င) ပြည်တွင်း ပြည်ပရှိအဖွဲ့အစည်းများ၊ မိတ်ဖက်ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ တရားရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အသင်း၏အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စာချုပ်စာတမ်းများချုပ်ဆိုခြင်းနှင့် ငွေကြေးကိစ္စရပ်များအတွက် အသင်း၏တရားဝင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊

(စ) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ပဋိညာဉ်စာချုပ် ချုပ်ဆိုနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဆ) ကြီးကြပ်မှုကော်မတီများ၊ အသင်းခွဲအမှုဆောင်အဖွဲ့များနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း။

၅၃။ အထွေထွေအတွင်းရေးမှူးသည် အောက်ပါလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်-

(က) အသင်း၏ မဟာဗျူဟာစီမံကိန်းများရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်း၊

(ခ) နှစ်အလိုက် လုပ်ငန်းအစီအစဉ်များရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) အစီရင်ခံစာများပြုစုတင်ပြခြင်း၊

(ဃ) နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ ရေးဆွဲတင်ပြခြင်း၊

(င) ဝန်ထမ်းရေးရာစီမံခန့်ခွဲရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) ကြက်ခြေနီညီလာခံကျင်းပနိုင်ရန် စီစဉ်ပေးခြင်း၊

(ဆ) ကောင်စီအစည်းအဝေးကျင်းပနိုင်ရန် စီစဉ်ပေးခြင်း၊

(ဇ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဈ) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများတွင် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်ပြခြင်း၊

(ည) ညီလာခံ၊ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်၊ အတည်ပြုချက်များကို မှတ်တမ်းတင်ခြင်း၊

(ဋ) အရေးပေါ်ကိစ္စများ၊ ထူးခြားဖြစ်စဉ်ကိစ္စရပ်များအတွက် ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် သင့်လျော်သော အစီအမံများဆောင်ရွက်ခြင်း၊ ထိုသို့ ဆောင်ရွက်ချက်ကို အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြခြင်း၊

(ဌ) ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့မှ အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)
## တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်း

၅၄။ ကောင်စီသည်-

(က) မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) တပ်ဖွဲ့ကို ကြီးကြပ်အုပ်ချုပ်ရန် ဗဟိုအုပ်ချုပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | တပ်ဖွဲ့မှူးချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယတပ်ဖွဲ့မှူးချုပ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမျိုးသမီးအရာရှိချုပ် | အဖွဲ့ဝင် |
| (၄) | နည်းပြမှူးချုပ် | အဖွဲ့ဝင် |
| (၅) | ဆေးမှူးချုပ် | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတပ်ဖွဲ့မှူးများ | အဖွဲ့ဝင် |
| (၇) | ဗဟိုဦးစီးမှူးချုပ် | အတွင်းရေးမှူး |
| (၈) | ဗဟိုဦးစီးမှူး | တွဲဖက်အတွင်းရေးမှူး |

(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့်မြို့နယ်များတွင် တပ်ဖွဲ့များကို တပ်ဖွဲ့စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းနိုင်သည်။

(ဃ) ဗဟိုအုပ်ချုပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၅၅။ (က) ကောင်စီသည် တပ်ဖွဲ့မှူးချုပ်အဖြစ် အချိန်ပြည့်အလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးကိုလည်းကောင်း၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်အဖြစ် ကောင်စီဝင်တစ်ဦးစီကိုလည်းကောင်း ခန့်အပ်ရမည်။

(ခ) တပ်ဖွဲ့မှူးချုပ်၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်တို့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်း ဖြစ်သည်။

၅၆။ ကောင်စီသည် တပ်ဖွဲ့မှူးချုပ်၊ ဒုတိယတပ်ဖွဲ့မှူးချုပ်နှင့် ဗဟိုဦးစီးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၅၇။ ကောင်စီ၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ တပ်ဖွဲ့ကို ပြောင်းလဲဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း မပြုရ။

## အခန်း (၈)
## အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

၅၈။ အသင်းသည် ယင်းနှင့်အကျိုးတူ၊ ရည်ရွယ်ချက်တူ လုပ်ငန်းများကို ဆောင်ရွက်ကြသည့် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် လည်းကောင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန် လိုအပ်သော ငွေကြေး၊ ပစ္စည်းအကူအညီများ၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများလက်ခံခြင်း၊ ပေးအပ်ခြင်းများကို ပြုလုပ်နိုင်သည်။

၅၉။ အသင်းသည် အသင်းဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ လူမှုကရုဏာလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ အကူအညီလိုအပ်ပါက အစိုးရ အဖွဲ့ထံ တင်ပြတောင်းခံနိုင်သည်။

၆၀။ အသင်းသည် ငြိမ်းချမ်းသောအခြေအနေ၊ ပဋိပက္ခအခြေအနေ၊ သဘာဝ သို့မဟုတ် လူ့ပယောဂ ကြောင့်ဖြစ်သော ဘေးအန္တရာယ်ကျရောက်သည့် အခြေအနေစသည့် မည်သည့်အခြေအနေတွင်မဆို၊

မည်သည့်နေရာဒေသတွင်မဆို သက်ဆိုင်ရာအာဏာပိုင်ထံသို့ အကြောင်းကြား၍ လူမှုကရုဏာလုပ်ငန်းများ သွားရောက်ဆောင်ရွက်နိုင်သည်။

## အခန်း (၉)
## ဘဏ္ဍာရေး

၆၁။ အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ကောင်စီက အတည်ပြုပြီးသော ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဘဏ္ဍာရေးကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) အသင်း၏ လုပ်ငန်းအတွက် နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲ၍ ဘဏ္ဍာရေးနှစ်မတိုင်မီ ကောင်စီသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ဂ) ကောင်စီက အတည်ပြုပြီးသော အရအသုံးခန့်မှန်းခြေငွေစာရင်း အရငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲခွင့်၊ ပြင်ဆင်ခွင့်နှင့် ငွေစာရင်းခေါင်းစဉ်ပြောင်းလဲသုံးစွဲခွင့်ရှိသည်။

(ဃ) ပြည်တွင်း ပြည်ပအစိုးရအဖွဲ့များ၊ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများထံမှဖြစ်စေ၊ တစ်ဦးချင်းထံမှဖြစ်စေ ထောက်ပံ့ငွေနှင့် အကူအညီများကို လက်ခံနိုင်သည်။ ယင်းထောက်ပံ့ငွေနှင့် အကူအညီများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ သုံးစွဲရမည်။

၆၂။ အသင်း၏ ဘဏ္ဍာရေးနှစ်သည် မိတ်ဖက်ကြက်ခြေနီ လခြမ်းနီအသင်းအများစု၏ ဘဏ္ဍာရေးနှစ်အတိုင်း ပြက္ခဒိန်နှစ် (Calendar year) ဖြစ်သည်။

၆၃။ အသင်းသည် အသင်းသားများ၊ စေတနာလုပ်အားရှင်များနှင့် ဝန်ထမ်းများ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်သည့် ကုန်ကျစရိတ်များကိုရရှိစေရန် ဆောင်ရွက်ပေးရမည်။

၆၄။ အသင်းသည် ယင်း၏ဝန်ထမ်းများစွမ်းဆောင်ရည်နှင့် လုပ်သက်ပေါ်မူတည်၍ လစာနှင့် ချီးမြှင့်ငွေ ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၆၅။ အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များသည် အသင်းပိုင်ပစ္စည်းများ၊ ရန်ပုံငွေများ၊ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာကိစ္စများနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှင့် လုပ်ငန်းစစ်ဆေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နှစ်စဉ်စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၁၀)
## အထွေထွေ

၆၆။ အသင်းက ချုပ်ဆိုမည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း၊ ငှားရမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် ပဋိညာဉ်စာချုပ်ကို အသင်းကိုယ်စား အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌကဖြစ်စေ၊ အလုပ်အမှုဆောင်အဖွဲ့မှ တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးကဖြစ်စေ လက်မှတ်ရေးထိုး ချုပ်ဆိုရမည်။ ယင်းပဋိညာဉ် စာချုပ်ပေါ်တွင် အသင်းတံဆိပ် ခတ်နှိပ်ရမည်။

၆၇။ အသင်း၏ လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသူတိုင်းသည် ကြက်ခြေနီအခြေခံမူများ၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

၆၈။ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းနည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (စ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မိမိဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အစိုးရအဖွဲ့များနှင့် ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စွာဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား ထိရောက်မြန်ဆန်ချောမွေ့စေမည့် လုပ်ငန်းစဉ်များ ထူထောင်ပြဋ္ဌာန်း လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့သည့် ဝန်းကျင်တစ်ရပ် ပေါ်ပေါက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂ) ပို့ကုန်မြှင့်တင်မည့်လုပ်ငန်းများ၊ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့်လုပ်ငန်းများ၊ သယံဇာတအရင်းအမြစ်များကို စနစ်တကျထုတ်ယူအသုံးချနိုင်မည့်လုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ကို ထူထောင်မည့်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူဖြစ်စေမည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ ပြည်ပငွေကြေးအကူအညီ၊ နည်းပညာအထောက်အပံ့၊ တရားဝင်ဖွံ့ဖြိုးမှုအထောက်အပံ့ချေးငွေ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတို့ကို ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်နိုင်ရေး စိစစ်ကြပ်မတ်သွားရန်၊

(ဃ) ကော်မတီသည် မိမိဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်စေရန်၊

(င) ကော်မတီသည် နိုင်ငံတော်၏ စီမံကိန်းများအရ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများနှင့် မိမိဝန်ကြီးဌာန၏ ဌာနဆိုင်ရာလုပ်ငန်းများကို ထိရောက်အောင်မြင်စွာနှင့် လျင်မြန်သွက်လက်စွာ

အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများကို စနစ်တကျ ဆောင်ရွက်သွားရန်၊

( စ ) မိမိဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန် အဆိုပြုချက်များကို ကော်မတီသို့ ဦးစွာတင်ပြစေ၍ အသေးစိတ် စိစစ်မှုနှင့် ဆန်းစစ်မှုများ ပြုလုပ်သွားရန်၊

(ဆ) ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

( ဇ ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဈ) မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သော ကိစ္စရပ်များ၊ အရာထမ်းများအား ရာထူးတိုးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အပြစ်ပေး၊ အရေးယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ကော်မတီသို့တင်ပြ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ည) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ ပြည်ပပို့ကုန်၊ သွင်းကုန်နှင့် သက်ဆိုင်သောကိစ္စရပ်များ၊ တင်ဒါရွေးချယ်ရေးကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့တင်ပြစေရန်၊ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ကြပ်မတ်ရန်။

၃။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးကို လအလိုက် မပျက်မကွက် ကျင်းပမည်ဖြစ်ပြီး အထက်အပိုဒ် (၂) ပါ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဌာနအဖွဲ့အစည်းများက စီမံခန့်ခွဲရေးကော်မတီသို့ အမှာစာများတင်ပြရန် ဖြစ်ပါသည်။

၄။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၉) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သောင်းထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၃၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ကိုယ်ပိုင်အမှတ်၊ ဆ/၀၉၆၁ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့် သည် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ဇွန်လ ၁၄ ရက်နေ့အထိ ၎င်း၏ သက်ပြည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားခဲ့ခြင်းအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄၄/၂၀၁၉) ၏ ဆုံးဖြတ်ချက်၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ အောက်တိုဘာလ ၁၄ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဟန်ဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

အမှတ် ၁၇၃ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၀၀) အရ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဝါဝါ (ဥ/၁၉၆၁) အား အဆိုပါ ငြင်းပယ်ထားသော အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နံနက်ပိုင်းမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၉ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မွန်ပြည်နယ်အစိုးရအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးမြင့်အောင် သည် သက်ပြည့်ပင်စင်ယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့အထိ (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ တို့အရ အများပြည်သူ အကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူး ဦးမြင့်အောင် အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာအေးဇံ
ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၃၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်)

**အတည်ပြုခန့်ထားခြင်း**

အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးတွင် အစမ်းခန့်ထားခဲ့သော ဦးစီးအရာရှိ ဒေါ်ခိုင်ဝါမိုးဆွေ အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

လွင်ဦး
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး

### ပြည်တွင်းအခွန်များဦးစီးဌာန

**လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ် (၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်)

**မိမိဆန္ဒအလျောက် ပေးချေငွေများအား အသုံးစရိတ်အဖြစ် ခွင့်ပြုခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ဂ) ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မိမိဆန္ဒအလျောက်ပေးချေငွေများအား အသုံးစရိတ်အဖြစ်ခွင့်ပြုပေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာသိရှိစေရန်အတွက် ထုတ်ပြန်သတ်မှတ်ရခြင်းဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤလိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် မိမိဆန္ဒအလျောက်ပေးချေငွေများနှင့် လူမှုရေး တာဝန်ယူမှု (CSR) အရ ပေးချေငွေများကို အသုံးစရိတ်အဖြစ် ခွင့်ပြုပေးခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်း အခွန်များဦးစီးဌာနက မည်သို့ကျင့်သုံးဆောင်ရွက်ကြောင်း ရှင်းလင်းအသိပေးချက်ဖြစ်ပါသည်။

**သက်ဆိုင်ရာအဓိပ္ပာယ်ဖော်ပြချက်**

၃။ **လူမှုရေးတာဝန်ယူမှု (Corporate Social Responsibility - CSR)** ဆိုသည်မှာ နိုင်ငံသားကောင်း ပီသခြင်း၊ သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ခြင်း၊ အလုပ်သမားများနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၏ အကျိုးကိုရှေးရှုခြင်းစသော စီးပွားရေးလုပ်ငန်းတစ်ခုထားရှိရမည့် ကျင့်ဝတ် သိက္ခာများနှင့်အညီ ဆောင်ရွက်သည့် စံပြစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သက်သေပြသည့် အများ အကျိုးအတွက် လုပ်ငန်းဆောင်ရွက်ချက်ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၄။ ဤလိုက်နာကျင့်သုံးရန် ထုတ်ပြန်သတ်မှတ်ချက်သည် မိမိဆန္ဒအလျောက်ပေးချေငွေများနှင့် လူမှုရေးတာဝန်ယူမှု (CSR) အရ ပေးချေငွေများကို အသုံးစရိတ်ခွင့်ပြုပေးရန် တောင်းခံသည့် အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်**

၅။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆-က တွင် "ဝင်ငွေခွန်တွက်ချက်စည်းကြပ်ရာ၌ လှူဒါန်းထည့်ဝင်ငွေကို နုတ်ပယ်တွက်ချက်ရမည်ဖြစ်ကြောင်း၊ အဆိုပါ လှူဒါန်းထည့်ဝင်ငွေနုတ်ပယ်ခွင့်အား စုစုပေါင်းဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းအထိသာ ခွင့်ပြုမည်ဖြစ်ကြောင်း၊ လှူဒါန်းထည့်ဝင်ငွေဆိုသည်မှာ နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသောဘာသာရေး သို့မဟုတ် ကုသိုလ်ရေး (ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် ထောက်ပံ့ပေးကမ်းခြင်းများ) ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့်သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကို ဆိုလိုကြောင်း" ဖော်ပြပါရှိပါသည်။

၆။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် "ဝင်ငွေကိုတွက်ချက်ရာ၌ မ-တည်စရိတ်၊ ကိုယ်ရေးကိုယ်တာစရိတ်၊ လုပ်ငန်းပမာဏနှင့်မမျှအောင်များသည့်စရိတ်၊ မဆီလျော်သည့်စရိတ်၊ ဝင်ငွေရရန်ကုန်ကျခြင်း မဟုတ်သည့် စရိတ်များကို နုတ်ပယ်ခွင့်မပြုကြောင်း၊ ဝင်ငွေရရှိရန်ကုန်ကျသည့်စရိတ်များနှင့် စည်းမျဉ်းများ အရ ပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုးလျော့ငွေတို့ကို နုတ်ပယ်တွက်ချက်ရမည်ဖြစ်ကြောင်း" ဖော်ပြပါရှိပါသည်။

**လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်**

၇။ စီးပွားရေးလုပ်ငန်းများသည် လူမှုအဖွဲ့အစည်းများ၊ ပရဟိတအသင်းအဖွဲ့များသို့ မိမိဆန္ဒအလျောက် ငွေပေးချေခြင်းများ မကြာခဏ ပြုလုပ်တတ်ကြပါသည်။ အဆိုပါ ပေးချေခြင်းများသည် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆-က ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိပါက အဆိုပါပေးချေငွေကို လှူဒါန်းငွေအဖြစ် ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်း အထိ ခွင့်ပြုမည်ဖြစ်ပါသည်။

၈။ အချို့ကိစ္စရပ်များ၌ မိမိဆန္ဒအလျောက်ပေးချေငွေများသည် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆-က ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ ကုသိုလ်ဖြစ်လှူဒါန်းငွေသည် သတ်မှတ်ထားသည့် ရာခိုင်နှုန်းထက် ကျော်လွန်နေခြင်းများကြောင့် အဆိုပါ ကုန်ကျစရိတ်များကို ကုသိုလ်ဖြစ် လှူဒါန်းငွေအဖြစ် အသုံးစရိတ်ခွင့်ပြုမည် မဟုတ်ပါ။

၉။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆-က ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသည့် မိမိဆန္ဒအလျောက် ပေးချေငွေများ၊ သတ်မှတ်ထားသည့် ရာခိုင်နှုန်းထက်ကျော်လွန်နေသည့် လှူဒါန်းထည့်ဝင်ငွေများ (CSR ဖြစ်စေ၊ အခြား ကုန်ကျစရိတ်ဖြစ်စေ) ကြောင့် ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ကြောင်း ဆက်နွယ်မှုအား သက်သေပြနိုင်ပါက ဝင်ငွေရရှိရန် ကုန်ကျသည့်စရိတ်အဖြစ် ခွင့်ပြုမည်ဖြစ်ပါသည်။ (ဥပမာ - ကြော်ငြာများ၊ ကုန်အမှတ်တံဆိပ် မိတ်ဆက်အသိအမှတ်ပြုခြင်းများ၊ ကုန်ပစ္စည်းများအား အများပြည်သူထံသို့ အမည်နှင့်တကွ အရောင်းမြှင့်တင်ခြင်းများ စသည်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့် မိမိ၏စီးပွားရေးလုပ်ငန်းတွင် အမြဲတမ်းစားသုံးသူ တိုးပွားလာခြင်းများ၊ အခြားအလားတူ အကျိုးအမြတ်ရရှိခြင်းများကဲ့သို့သော အကျိုးအမြတ်ရရှိပါကြောင်းကို သက်သေအထောက်အထားနှင့်အတူ ပြသနိုင်ရမည်ဖြစ်ပါသည်။)

၁၀။ စီးပွားရေးလုပ်ငန်း၏ လုပ်ပိုင်ခွင့်ပါမစ်အရ လမ်းညွှန်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းသော်လည်းကောင်း၊ အလားတူတာဝန်အရ ဆောင်ရွက်ခြင်းသော်လည်းကောင်း ကုန်ကျသည့် လူမှုရေးတာဝန်ယူမှု (Corporate Social Responsibility - CSR) ကုန်ကျစရိတ်ဖြစ်လျှင် ယင်းကုန်ကျစရိတ်သည် မိမိဘာသာပေးချေခြင်းမဟုတ်သောကြောင့် အသုံးစရိတ်အဖြစ် ခွင့်ပြုမည်ဖြစ်ပါသည်။ သို့ရာတွင် ကုန်ကျစရိတ်နှင့် အသုံးစရိတ်ဆက်စပ်ပါကြောင်း အထောက်အထားတင်ပြရမည်ဖြစ်ပါသည်။

၁၁။ ကုန်ကျစရိတ်များတွင် ငွေလုံးငွေရင်း (Capitalized) အဖြစ် ကုန်ကျသည့်စရိတ်ပါဝင်လျှင် ရင်းနှီးမြှုပ်နှံလိုက်သည့် ပစ္စည်း/ပစ္စည်းမဟုတ်သည့် ရင်းနှီးမြှုပ်နှံမှုအတွက် အသုံးပြုနိုင်သည့်/အကျုံးဝင်သည့် သက်တမ်းအလိုက် တန်ဖိုးလျော့ (Depreciation) သို့မဟုတ် အရစ်ကျစရိတ်စနစ် (Amortization) အဖြစ် ခွင့်ပြုမည်ဖြစ်ပါသည်။

၁၂။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်စေရန် အောက်ဖော်ပြပါ ဥပမာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည်-

**(က) နမူနာ - ၁**

**(၁) ဖြစ်စဉ်။** ''A'' ကုမ္ပဏီသည် CSR အတွက် တစ်နှစ်လျှင် ကျပ် ၅၀၀,၀၀၀,၀၀၀ (သိန်းငါးထောင်) အသုံးပြုရန် ဘတ်ဂျက်ထားရှိပါသည်။ ဘဏ္ဍာနှစ်အတွင်း ''A'' ကုမ္ပဏီသည် အောက်ဖော်ပြပါ CSR ကုန်ကျစရိတ်များရှိခဲ့ပြီး ရွှေ့လျားဆေးခန်းယာဉ်အပေါ်တွင် ''A'' ကုမ္ပဏီ၏ အမည်နှင့်အမှတ်တံဆိပ်အား ထင်ရှားစွာ ဖော်ပြထားပါသည်။ ပြည်သူလူထုထံ ကြေညာသည့် ရက်စွဲများနှင့် သွားရောက်သည့် နေရာများတွင် ''A'' ကုမ္ပဏီ၏အမည်ပါဝင်သည့် မှတ်တမ်းများရှိပြီး ရွှေ့လျားဆေးခန်းကြော်ငြာရာတွင်လည်း ''A'' ကုမ္ပဏီ၏ အမည်နှင့် အမှတ်တံဆိပ်ပါရှိပါသည်-

(က) ရွှေ့လျားဆေးခန်းဝယ်ယူခြင်းနှင့်တပ်ဆင်ခြင်းအတွက် ကျပ် ၄၀၀,၀၀၀,၀၀၀ (သိန်းလေးထောင်)၊

(ခ) ရွှေ့လျားဆေးခန်းလုပ်ငန်း ဆောင်ရွက်ရန် ကုန်ကျစရိတ်များ (ကားဆီဖိုး၊ ဆေးဖိုး၊ ဝန်ထမ်းလစာ) အတွက် ကျပ် ၂၅,၀၀၀,၀၀၀ (သိန်းနှစ်ထောင့်ငါးရာ)။

(၂) **သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ''A'' ကုမ္ပဏီသည် ရွှေ့လျားဆေးခန်းမော်တော်ယာဉ်၏ ပိုင်ရှင်ဖြစ်သည့်အတွက် ယင်းကုန်ကျစရိတ်အား ဝင်ငွေခွန် ဥပဒေပုဒ်မ ၆-က အရ စဉ်းစား၍ မရနိုင်ပါ။ ''A'' ကုမ္ပဏီသည် ရွှေ့လျားဆေးခန်း၏ ဆောင်ရွက်ချက်များကို ပြည်သူများ သိသာမြင်တွေ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနအား သက်သေလုံလောက်စွာ တင်ပြနိုင်ပါသည်။ ရွှေ့လျားဆေးခန်း၏ ကုန်ကျစရိတ်အား (ထည့်သွင်းရသည့် ပစ္စည်းကိရိယာများ ကုန်ကျစရိတ်အပါအဝင်) မော်တော်ယာဉ်တန်ဖိုးလျော့နှုန်းထား (၁၂. ၅ ရာခိုင်နှုန်း) ဖြင့် ကုန်ကျစရိတ်သတ်မှတ်နိုင်ပါသည်။ ရွှေ့လျားဆေးခန်းလုပ်ငန်းဆောင်ရွက်ရန် ကုန်ကျစရိတ်များအား ကုန်ကျသည့်နှစ်အလိုက် စရိတ်အဖြစ် ခွင့်ပြုမည်ဖြစ်ပါသည်။

**(ခ) နမူနာ - ၂**

(၁) **ဖြစ်စဉ်။** ''B'' ကုမ္ပဏီသည် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆-က အရ ခွင့်ပြုထားသော စုစုပေါင်းဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းထက်ကျော်လွန်သည့် ပမာဏအား ကုသိုလ်ဖြစ် လှူဒါန်းထားပါသည်။ အလှူငွေလက်ခံရရှိသူအဖွဲ့အစည်းမှ လှူဒါန်းငွေ လက်ခံရရှိကြောင်း ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာအား တင်ပြနိုင်ပါသည်။ သို့ရာတွင် အဆိုပါ လှူဒါန်းမှုအတွက် ပြည်သူမှ အသိအမှတ်ပြုနိုင်လောက်သည့် အထောက်အထားမှတ်တမ်းများမရှိသည့်အပြင် အဆိုပါ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ မိမိကုမ္ပဏီမှ အကျိုးဖြစ်ထွန်းကြောင်းကိုလည်း ဖော်ပြနိုင်သော အထောက်အထားမရှိပါ။

(၂) **သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ''B'' ကုမ္ပဏီ၏ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ကြောင်း မဖော်ပြနိုင်သည့်အတွက် ၂၅ ရာခိုင်နှုန်းထက်ပိုမိုသည့် လှူဒါန်းငွေများအား စရိတ်အဖြစ် ခွင့်ပြုမည်မဟုတ်ပါ။

**(ဂ) နမူနာ - ၃**

(၁) **ဖြစ်စဉ်။** ''C'' ကုမ္ပဏီသည် ရိုးရာယဉ်ကျေးမှုပွဲတော် ကျင်းပနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အလှူငွေပေးအပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါ လှူဒါန်းမှုအတွက် ပြည်သူမှ အသိမှတ်ပြုနိုင်လောက်သည့် အထောက်အထား မှတ်တမ်းများမရှိသည့်အပြင် ၎င်းလုပ်ငန်းအတွက်လည်း အကျိုးအမြတ်မရရှိပါ။

(၂) **သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ''C'' ကုမ္ပဏီသည် ယင်းကုန်ကျခဲ့သည့် ကုန်ကျစရိတ်များကြောင့် သက်ဆိုင်သည့်ဝင်ငွေ ဖြစ်ထွန်းပေါ်ပေါက်ကြောင်းကို မဖော်ပြနိုင်ပါ။ ထို့ကြောင့် အဆိုပါ ကုန်ကျစရိတ်အား အသုံးစရိတ်အဖြစ် ခွင့်ပြုမည်မဟုတ်ပါ။

**(ဃ) နမူနာ - ၄**

(၁) **ဖြစ်စဉ်။** "D" ကုမ္ပဏီသည် ဘဏ်လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ဘဏ်ခွဲများကို အခြားမြို့နယ်များသို့ တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်နေပါသည်။ ၎င်းဘဏ်သည် နှစ်ပတ်လည်ဈေးပွဲတော်ကျင်းပနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ရန်ပုံငွေထည့်ဝင်၍ ကူညီခဲ့ပါသည်။ ယင်းဈေးပွဲတော်အခမ်းအနားတွင် လာရောက်သည့် ဧည့်သည်များအား ကုမ္ပဏီအမည်၊ အမှတ်တံဆိပ်ပါသည့် ဘောပင်နှင့် ပြက္ခဒိန်များကို လက်ဆောင်ပေးခြင်းနှင့် မိမိတို့ဘဏ်တွင် ဘဏ်စာရင်းဖွင့်လှစ်နိုင်ရေးကို ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

(၂) **သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** "D" ကုမ္ပဏီသည် နှစ်ပတ်လည်ဈေးပွဲတော်ကျင်းပနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ ရန်ပုံငွေထည့်ဝင်ခြင်းနှင့် မိမိဘဏ်လုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက် သုံးစွဲခဲ့သည့် ကုန်ကျစရိတ်များသည် ကုမ္ပဏီ၏အကျိုးဖြစ်ထွန်းကြောင်း ဆက်စပ်မှုကိုသိသာစွာ ပြသနိုင်သဖြင့် ယင်းကုန်ကျစရိတ်ကို အသုံးစရိတ်အဖြစ် ခွင့်ပြုမည်ဖြစ်ပါသည်။

**(င) နမူနာ - ၅**

(၁) **ဖြစ်စဉ်။** "E" ကုမ္ပဏီသည် အောက်ဖော်ပြပါ CSR ကုန်ကျစရိတ်များ ရှိခဲ့ပြီး အမှတ်စဉ် (က) မှ (စ) အထိ ဆောင်ရွက်ခဲ့မှုများအတွက် လုံလောက်သော သက်သေအထောက်အထားမတင်ပြနိုင်ပါ။ သို့ရာတွင် အမှတ်စဉ် (ဆ) နှင့်စပ်လျဉ်း၍ စာအုပ်အရောင်းပွဲတော်ဖြစ်မြောက်ရေးအတွက် အဓိကအကူအညီပေးသူအဖြစ် ၎င်း၏အမည်နှင့် ကုမ္ပဏီတံဆိပ်ကို ခင်းကျင်းပြသထားခြင်း၊ ၎င်းကုမ္ပဏီမှ ပစ္စည်းများကို နမူနာအဖြစ် အခမဲ့ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) မြို့ရှောင်လမ်းဖောက်ခြင်းအတွက် ကျပ် ၂၅,၀၀၀,၀၀၀ (သိန်းနှစ်ရာငါးဆယ်)။

(ခ) သစ်ပင်စိုက်ပျိုးရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းသို့ ကျပ် ၅,၀၀၀,၀၀၀ (သိန်းငါးဆယ်)။

(ဂ) မြို့အတွင်း အမှိုက်ပုံးများ စနစ်တကျထားရှိရန်အတွက် ကျပ် ၁၀,၀၀၀,၀၀၀ (သိန်းတစ်ရာ)။

(ဃ) မြို့နယ်ဘောလုံးအသင်းအတွက် ကျပ် ၅,၀၀၀,၀၀၀ (သိန်းငါးဆယ်)။

(င) မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအား ရိုက်ကူးထုတ်လွှင့်ရန် ကျပ် ၅၀,၀၀၀,၀၀၀ (သိန်းငါးရာ)။

(စ) သင်္ကြန်ပွဲတော်ကျင်းပရေးအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ကျပ် ၁၀,၀၀၀,၀၀၀ (သိန်းတစ်ရာ)။

(ဆ) စာအုပ်အရောင်းပွဲတော် ကျင်းပရေးအတွက် ကျပ် ၂၅,၀၀၀,၀၀၀ (သိန်းနှစ်ရာငါးဆယ်)။

(၂) **သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** "E" ကုမ္ပဏီသည် အမှတ်စဉ် (က) မှ (စ) အထိ ဆောင်ရွက်ခဲ့မှုများအတွက် လုံလောက်သော သက်သေအထောက်အထား မတင်ပြနိုင်ခြင်းကြောင့် အဆိုပါကုန်ကျစရိတ်များကို အသုံးစရိတ်အဖြစ် ခွင့်ပြုမည်မဟုတ်ပါ။ သို့ရာတွင် အမှတ်စဉ် (ဆ) နှင့် စပ်လျဉ်း၍ စာအုပ်အရောင်းပွဲတော်ဖြစ်မြောက်ရေးအတွက် အဓိကအကူအညီပေးသူအဖြစ် ခိုင်လုံသော သက်သေအထောက်အထားများ တင်ပြနိုင်ခြင်းနှင့် အဆိုပါ ဆောင်ရွက်မှုသည် မိမိကုမ္ပဏီ၏ အကျိုးဖြစ်ထွန်းကြောင်းကို ဖော်ပြနိုင်သောကြောင့် အဆိုပါ ကုန်ကျစရိတ်များကို အသုံးစရိတ်အဖြစ် ခွင့်ပြုမည်ဖြစ်ပါသည်။

၁၃။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည်။

မင်းထွန်း
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၇ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

In the matter of the Myanmar Companies Law (2017)

**PENS FAST (MYANMAR) COMPANY LIMITED**

(In Members Voluntary Winding-up)

Notice of Special Resolutions pursuant to section 348

At the Special General Meeting of the Members of the Company held No. (22) A, Kaba Aye Pagoda Road, Bahan Township, Yangon Region, on 15th January 2020 the following, "Special Resolutions" were passed:

**Special Resolutions : -**

1. That the Company be voluntarily wound-up by the members with effect from 15th January 2020.

2. That Daw Khin Saw Yu, "Certified Public Accountants, Auditors and Financial Consultants, JF Group", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company with the assistance of the members of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company in voluntarily.

3. That all persons claiming to be creditors of the above Company are, requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region, before 15th February 2020.

Mr. Nattawin Phongsphetrarat
Director
Pens Fast (Myanmar) Co., Ltd

Khin Saw Yu
[B.Com (Q), CPA]
Liquidator
Certified Public Accountants and Auditors

**BLOOM VENTURE COMPANY LIMITED**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**BLOOM VENTURE COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ စုပေါင်း၊ အမှတ် (၅/၄) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
[B.Com, CPA (210)]
ZIN & FRIENDS AUDIT FIRM
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

In the matter of the Myanmar Companies Law (2017)

**MYANMAR TATUNG COMPANY LIMITED**

(In Members Voluntary Winding-up)

Notice to Special Resolutions pursuant to section 348

At the Special General Meeting of the Members on 30th September 2019 the following, "Special Resolutions" are passed:

**Special Resolutions:-**

1. **Myanmar Tatung Company Limited** be voluntarily wound-up by the members with effect from 30th September 2019.

2. That U Sein Win, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extend and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Office are requested to submit details of their claims for review together with any string documentary evidence in their possession, to the Liquidator at Building (6), Room (323), Kyaikkasan Housing, Malarnwe Street, Tarmwe Township, Yangon.

Mr. Wang His Sheng
Director
(Authorized Person)
Myanmar Tatung Company Limited

U Sein Win
Certified Public Accountant
Liquidator
Auditor & Financial Consultant

## VRC COMPANY LIMITED

### (အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

### နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**VRC COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ အမှတ်-A၈၊ အခန်းအမှတ်-၂၀၁ တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
[B.Com, CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice Under Section 348 of the Myanmar Companies Law

## OHD MYANMAR CO., LTD

(In Members' Voluntary Winding-up)

According to the Special Resolution at the General Meeting held on 15th January 2020 at Company Meeting Room and it was resolved that:-

(1) **OHD MYANMAR CO., LTD** be wound up voluntarily by the members with effect from 17th January 2020.

(2) Be appointed the following persons as liquidators of the Company for the purpose of winding-up.

| LIQUIDATOR | CO-LIQUIDATOR |
|---|---|
| Daw Kyi Kyi Lwin | U Lin Aung |
| (B.Com., CPA., D.B.L) | 09-400541992 |
| Ph:09-790173012 | |

(3) The creditors of **OHD MYANMAR CO., LTD** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the address given above, latest by 27th February 2020.

Mr. SHINJI ONODERA
Managing Director
OHD MYANMAR CO., LTD

## SI ENGINEERING COMPANY LIMITED

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**SI ENGINEERING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၊ ၁၆ ရက်နေ့ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ရာ၊ အမှတ်-A၈၊ အခန်းအမှတ်-၂၀၁ တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးဇင်ဝေ
[B.Com, CPA (210)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဂိုးလ်ဒဲန် ပုဂံ မြန်မာ ကုမ္ပဏီလီမိတက်
## (GOLDEN BAGAN MYANMAR COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ဂိုးလ်ဒဲန် ပုဂံ မြန်မာ ကုမ္ပဏီလီမိတက် (GOLDEN BAGAN MYANMAR COMPANY LIMITED)** အား (၇. ၁. ၂၀၂၀) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးရွှေထွန်း
မန်နေးဂျင်းဒါရိုက်တာ
ဂိုးလ်ဒဲန် ပုဂံ မြန်မာ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), CPA]
NGWE INZALY AUDIT FIRM
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င)

**Golden Owl Industries Product Limited**

(အစုရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း**

**Golden Owl Industries Product Limited** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၁၇-၂-၂၀၂၀

အချိန် - နံနက် (၉း၃၀) နာရီ

နေရာ - ကုမ္ပဏီရုံးခန်း
အမှတ် (၇)၊ ယင်းတိုက်လမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ နောက်ဆုံးအစီရင်ခံစာကို တင်သွင်းအတည်ပြုမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးဆန်းထွန်း
(B.A., CPA., F.B.S.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice of Final Winding-up and Dissolution Under Section 357 (a) and (b)

**Myanmar Seafoods Limited**

(In Members' Voluntary Winding-up)

Notice is hereby given, pursuant to Section 357 (a) and (b), that a General Meeting of the abovenamed company will be held on 3rd February 2020 at 10:00 hours at No. 64 (B), 1st Floor, Shwegon Plaza, Komin Kochin Road, Bahan Township, Yangon, Myanmar, for the purpose of laying before it an account of the final winding-up and giving explanations thereof.

Maung Maung Aung
Liquidator
Myanmar Seafoods Limited
No. 64 (B), 1st Floor, Shwegon Plaza,
Komin Kochin Road, Bahan Township,
Yangon Region, Myanmar

Notice of Special Resolutions Pursuant to Section 348

**MYANMAR TAKEUCHI COMPANY LIMITED**

Members Voluntary Winding-up

At the general meeting of the shareholder of the Company held at its Registered Office Room 301,2nd Floor, Building 15 MICT Park, Hlaing Township, Yangon, Myanmar at 10:00 am (10th January 2020), the following resolution were passed as Special Resolutions:-

**Special Resolutions**: -

1. That the company be voluntarily wound-up by its members with effect from 10th January 2020.

2. That Daw Khin Yupar Lin, H.G.P License No-37005 care of No. 53 Strand Road, Unit 405 Strand Square, Pabedan Township, Yangon, Myanmar is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.

3. That all persons claiming to be creditors of the above Company are requested to submit details of their claims together with any strong documentary evidence in their possession, to liquidator at the address given before one month from 11th February 2020.

Hideki Matsushita
Director
Myanmar Takeuchi Company Limited

Daw Khin Yupar Lin
H.G.P
Liquidator
Unit 405 Strand Square,
No. 53 Strand Road,
Pabedan Township, Yangon, Myanmar
01-2307288

ပ၊ ထ၊ န - အမှတ် ၅၄၇/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၇-၁-၂၀၂၀။